၄။ သဒ္ဒါရှင်းလင်းချက်

၁. V ない - ပုံစံ

ない နှင့်ချိတ်ဆက်သောပုံစံ (ဥပမာ- かかない မှ かか) ကို ない - ပုံစံဟုခေါ်သည်။ ます - ပုံစံမှ ない - ပုံစံသို့ တည်ဆောက်ရာတွင်ကြိယာအုပ်စုအပေါ် တည်၍အောက်ပါအတိုင်းပုံသဏ္ဌာန် ပြောင်းလဲသည်။

၁) ကြိယာအုပ်စု-၁

ます - ပုံစံ၏နောက်ဆုံးအသံမှာ い လိုင်းဖြစ်သော်လည်း၊၎င်းကို あ လိုင်းအသံသို့ပြောင်းရသည်။ သို့သော် ます - ပုံစံ၏နောက်ဆုံးအသံသည် い သရဖြစ်သောကြိယာ(かいます、あいます စသည်) ဖြစ်ပါက あ မဟုတ်ဘဲ わ အဖြစ်သို့ပြောင်းရသည်။

かき－ます	→	かか－ない	いそぎ－ます	→	いそが－ない
よみ－ます	→	よま－ない	あそび－ます	→	あそば－ない
とり－ます	→	とら－ない	まち－ます	→	また－ない
すい－ます	→	すわ－ない	はなし－ます	→	はなさ－ない

၂) ကြိယာအုပ်စု-၂

ます - ပုံစံနှင့်အလားတူပုံစံဖြစ်သည်။

たべ－ます → たべ－ない

み－ます → み－ない

၃) ကြိယာအုပ်စု-၃

べんきょうし－ます → べんきょうし－ない

し－ます → し－ない

き－ます → こ－ない

၂. **V ない - ပုံစံ ないで ください** မ V ပါနဲ့

ဤဝါကျပုံစံသည်တစ်ဖက်လူအားထိုကဲ့သို့မပြုလုပ်ရန်တောင်းဆိုခြင်း၊ညွှန်ကြားခြင်းတို့ကိုပြုလုပ်ရာတွင်အသုံးပြုသည်။

① ここで 写真(しゃしん)を 撮(と)らないで ください。

ဒီ[နေရာ]မှာ ဓာတ်ပုံ မရိုက်ပါနဲ့။

တစ်ဖန်ထိုသို့ပြုလုပ်ရန်မလိုအပ်ကြောင်း၊တစ်ဖက်လူအပေါ်အရေးတယူရှိကြောင်းကိုလည်း ဖော်ပြနိုင်သည်။

② わたしは 元気(げんき)ですから、心配(しんぱい)しないで ください。

ကျွန်တော်/ကျွန်မ နေကောင်းပါတယ်၊ စိတ်မပူပါနဲ့။

၃. **V ない - ပုံစံ なければ なりません** မ V လို့မရဘူး/မ V လို့မဖြစ်ဘူး

ဤဝါကျပုံစံသည်မလုပ်မဖြစ်လုပ်ရမည်ဖြစ်ကြောင်းကိုဖော်ပြသည်။အငြင်းဝါကျမဟုတ်ကြောင်း ကိုသတိပြုရမည်။

③ 薬(くすり)を 飲(の)まなければ なりません。　　ဆေး မသောက်လို့ မရဘူး။

၄. **V ない - ပုံစံ なくても いいです** မ Vလည်းရတယ်/ မ Vလည်းဖြစ်တယ်

ဤဝါကျပုံစံသည်ပြုလုပ်ရန်မလိုအပ်ကြောင်းကိုဖော်ပြသည်။

④ あした 来なくても いいです。　　မနက်ဖြန်မလာလည်းရပါတယ်။

၅. ကံပုဒ်ကိုအဓိကအကြောင်းအရာအဖြစ်သို့ပြောင်းလဲခြင်း

N を V မှ N(တိုက်ရိုက်ကံပုဒ်) ကို အဓိကအကြောင်းအရာအဖြစ်ဖြင့်ဝါကျတည်ဆောက်လိုသော အခါဝိဘတ် を ကိုဖြုတ်၍ ဝိဘတ် は ကိုတွဲကာထိုဝါကျ၏ရှေ့ဆုံးတွင်ထားရသည်။

ここに 荷物(にもつ)を 置(お)かないで ください。　　ဒီ[နေရာ]မှာ အထုပ် မထားပါနဲ့။

荷物(にもつ)~~を~~は ここに 置(お)かないで ください。

⑤ 荷物(にもつ)は ここに 置(お)かないで ください。　　အထုပ်ကို ဒီ[နေရာ]မှာ မထားပါနဲ့။

会社(かいしゃ)の 食堂(しょくどう)で 昼(ひる)ごはんを 食(た)べます。

ကုမ္ပဏီက စားသောက်ဆိုင်မှာ နေ့လယ်စာ စားပါတယ်။

昼(ひる)ごはん~~を~~は 会社(かいしゃ)の 食堂(しょくどう)で 食(た)べます。

⑥ 昼(ひる)ごはんは 会社(かいしゃ)の 食堂(しょくどう)で 食(た)べます。

နေ့လယ်စာကို ကုမ္ပဏီက စားသောက်ဆိုင်မှာ စားပါတယ်။

၆. **N(နာရီ) までに V**

ပြုမှုလုပ်ဆောင်ခြင်းနှင့်အဖြစ်အပျက်များ၏သတ်မှတ်ကာလကိုဖော်ပြသည်။

⑦ 会議(かいぎ)は 5時(じ)までに 終(お)わります。　　အစည်းအဝေး က ၅နာရီမထိုးခင် ပြီးပါမယ်။

⑧ 土曜日(どようび)までに 本(ほん)を 返(かえ)さなければ なりません。

စနေနေ့မတိုင်မီ စာအုပ် ပြန်မအပ်လို့ မဖြစ်ပါဘူး။

[မှတ်ချက်]သင်ခန်းစာ-၄၌လေ့လာပြီးဖြစ်သောဝိဘတ် まで သည်ဆက်လက်ဖြစ်ပေါ်နေသောပြုမှုလုပ်ဆောင်မှု၏ဆုံးမှတ်ကို ဖော်ပြသည်။ までに နှင့်ပုံသဏ္ဌာန်ဆင်တူသောကြောင့်သတိပြုရန် လိုအပ်သည်။

⑨ 5時(じ)まで 働(はたら)きます。　　၅နာရီအထိ အလုပ်လုပ်ပါတယ်။